# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 19 , 2026 Volume 100 , Number 13

၁၉. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၄.၁၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၂၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၂.၈၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၇.၂၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၃.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဖရဲသီးများ အရည်အသွေးနိမ့်ကာ ဈေးနှိမ်ခံနေရ




နယ်စပ်ဂိတ်များတွင် ကြန့်ကြာမှုများကြောင့် ဖရဲသီးများ အရည်အသွေးနိမ့်ကာ ဈေးနှိမ်ခံနေရကြောင်း ကုန်သည်များထံက သိရသည်။

တရုတ်နှစ်သစ်ကူးပွဲတော်အပြီး နောက်ပိုင်းကာလများတွင် လုံခြုံရေးစစ်ဆေးမှုများကြောင့် တရုတ်နိုင်ငံအတွင်းသို့ အဝင်နှောင့်နှေးနေကြောင်း သိရသည်။

"ဈေးကတော့ ကောင်းပါတယ်။ ဒါပေမဲ့ ဖရဲ၊ သခွားကားတွေက ချက်ချင်းဝင်ခွင့်မရတော့ ရက်လွန်ပြီး အသီးတွေက အရည်အသွေး ကျကုန်တယ်။ အဲဒီတော့ တရုတ်တွေက ဈေးနှိမ်ပြီး အောက်ဈေးနဲ့ပဲ ဖြတ်ဝယ်ကြတယ်။ ဒါပေမဲ့ ကုန်သည်တွေမှာတော့ တခြားရွေးချယ်စရာမရှိဘဲ တရုတ်ကိုပဲအားကိုးပြီးတင်ပို့နေရတုန်းပါပဲ" ဟု သစ်သီးကုန်သည်တစ်ဦးက ပြောသည်။

အဆိုပါ အခက်အခဲများကြောင့် ကုန်သည်များအနေဖြင့် ဖရဲ၊ သခွား ပို့ကုန်ပြန်ရငွေအတွက် ရှန်းကန်နေရကြောင်း သိရသည်။

"အသီးကောင်းရင် အရောင်းအဝယ်သွက်တယ်။ အသီးညံ့ရင် ဈေးပေးမဲ့လူမရှိတဲ့ အနေအထားမျိုးတွေ ရှိတယ်။ အခုက အရင်းအနှီးတွေ အများကြီး စိုက်ထုတ်ထားရတာ။ ဒီရောက်မှ ပစ္စည်းဖိုး တစ်ပြားမှမကျန်တော့ဘဲ ဈေးနှိမ်ခံရတယ်။ အခုဟာက ပို့ကုန်ပြန်ရငွေရဖို့တောင် မလွယ်တော့ဘူး" ဟု ဖရဲ၊ သခွား တင်ပို့သူတစ်ဦးက ဆိုသည်။

သို့ဖြစ်၍ အရည်အသွေးကောင်းသည့် အသီးများကိုသာ တင်ပို့ရန်နှင့်အချိန်ကြန့်ကြာမှုရှိနိုင်သဖြင့် အရည်အသွေးအထူးကောင်းမွန်မှသာအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သုံးသပ်ကြသည်။

အချို့ကုန်သည်များအနေဖြင့်လည်း သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်နေသည့်အတွက် ပြည်တွင်းဈေးကွက်ကိုသာအားထားရောင်းချပါက အကျိုးအမြတ် ပိုရနိုင်ကြောင်း ဈေးကွက်နားလည်သူများက ပြောဆိုမှုများ ရှိသည်။

ပြည်တွင်းဈေးကွက်တွင်လည်း နယ်မြေမတည်ငြိမ်မှုများကြောင့် အညာဒေသထွက် ဖရဲသီးများ ဈေးကွက်အတွင်း ဝင်ရောက်ရန် အခက်အခဲများ ရှိနေကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ဖရဲသီးများ ဝင်ရောက်မှုများပြားနေပြီး တစ်လုံးလျှင် ၁၅,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်ကျော်အထိ ရှိကာ တစ်စိတ်လျှင် ၂၀၀၀ ကျပ်ခန့်ဖြင့် ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သီးနှံ ၂၅ မျိုးကို အဓိကထား တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**Source :** https://htwettoe.com/

## ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံအချို့ စိတ်ဝင်စား




မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချဖို့အတွက်အလားအလာကောင်းတွေရှိတာကြောင့် ရင်းနှီးမြှုပ်နှံဖို့အတွက် နိုင်ငံတချို့က စိတ်ဝင်စားမှုရှိတယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌဦးမျိုးအေးက ပြောပါတယ်။

မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်ဖို့အတွက်မြေနေရာတွေ များစွာရှိတဲ့အပြင် အရည်အသွေးမြင့် ကုန်းနိမ့်ကုန်းမြင့် ကော်ဖီတွေ ထွက်ရှိပြီး ထုတ်လုပ်မှု နည်းပညာတွေလည်း ရရှိထားတယ်လို့ သိရပါတယ်။

ဒါ့ကြောင့် တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတို့က မြန်မာနိုင်ငံရဲ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားမှုရှိပြီးရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ မူဝါဒတွေအပေါ် စောင့်ကြည့်နေကြတယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးက ပြောပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံကော်ဖီအသင်းဟာ အာဆီယံကော်ဖီဖက်ဒရေးရှင်းမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်နေပြီး ဒီလိုပူးပေါင်းဆောင်ရွက်တာကြောင့် မြန်မာ့ကော်ဖီကဏ္ဍအတွက် အကျိုးကျေးဇူး များစွာရရှိမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

လတ်တလောမှာ မြန်မာ့ကော်ဖီအစိုကို ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ဒေသခံတောင်သူတွေက အများဆုံး စိုက်ပျိုးထုတ်လုပ်ပြီး တစ်နှစ်ကို ကုန်းမြင့်နဲ့ကုန်းနိမ့်ကော်ဖီတန်ချိန် တစ်သောင်းလောက် ထွက်ရှိတယ်လို့ သိရပါတယ်။

ပြည်တွင်းကထုတ်လုပ်တဲ့ ကော်ဖီ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပကို တင်ပို့နေပြီး တရုတ်နဲ့ထိုင်းနိုင်ငံကို အများဆုံး တင်ပို့နေကာ အထူးတန်းဝင်ကော်ဖီတွေကို အမေရိကန်၊ ဥရောပ၊ ယူအေအီး၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေဆီ အနည်းငယ် တင်ပို့နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မြန်မာနိုင်ငံမှာ ၁၁ လအတွင်း တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁၅၈ သန်းကျော်ရှိ




လက်ရှိဘဏ္ဍာနှစ် ၁၁ လအတွင်း မြန်မာနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁၅၈ သန်းကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရဲ့ အချက်အလက်တွေ အရ သိရပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလကုန်အထိ ၁၁ လ အတွင်းမှာ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ကန် ဒေါ်လာ ၁၅၈ ဒသမ ၂၀၆ သန်း ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှုတွင် အများဆုံးဖြစ်ကြောင်းသိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းမှာလည်း မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၉၄ သန်းကျော်ရှိခဲ့ပြီး နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှုတွင် ဒုတိယအများဆုံးဖြစ်ကြောင်း ထုတ်ပြန်ချက် စာရင်းတွေအရ သိရပါတယ်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက်အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင်စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ရေတာရှည်မြို့နယ်တွင် နွေစပါးလျာထားစိုက်ဧကများစိုက်ပျိုးပြီးစီး



ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးမှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးပြီးလျှင် ဒုတိယနေရာ၌ ရှိနေသည်။

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်ရှိ မြို့နယ်များတွင် မိုးစပါး၊နွေစပါးနှင့်မတ်ပဲအားအဓိကစိုက်ပျိုးလျက်ရှိသည်။

တောင်ငူခရိုင်ရှိ မြို့နယ်များအနက် ရေတာရှည်မြို့နယ်တွင်နွေစပါးစိုက်ပျိုး ဧက ၁၉,၄၄၀ ဧကလျာထားပြီး ဖေဖော်ဝါရီလ နောက်ဆုံးအပတ်တွင် ၁၆,၇၈၈ ဧက စိုက်ပျိုးပြီးစီးသွားကြောင်း သိရသည်။

ယခုမတ်လ (ပထမ)အပတ်တွင် နွေစပါး လျာထားဧက ၁၉,၄၄၀ဧကမှာ အားလုံးစိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာနစာရင်း ဇယားများအရ သိရသည်။

ရေတာရှည်မြို့နယ်တွင် နွေစပါးမျိုးများအနေဖြင့် နံ့ကောက်၊ ရက်(၉၀)နှင့်ရတနာတိုးတို့အား အဓိကစိုက်ပျိုးကြသော်လည်း နံ့ကောက်အမျိုးအစားမှာ စိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့နယ်ရှိနှမ်းစပါးများ အောင်မြင်ဖြစ်ထွန်းပြီးအထွက်နှုန်းကောင်းစေရန်အတွက်ဆွေးဆည်မှုရေများ လုံလောက်စွာပေးဝေလျက်ရှိသည်။

နှမ်းစပါးမှာ မိုးစပါးထက်အထွက်နှုန်းကောင်းမွန်သောကြောင့် တစ်ဧကအထွက်နှုန်းကောင်းမွန်ရေး ရေတာရှည်မြို့နယ်တောင်သူဦးကြီးများမှ မျှော်မှန်းလျက်ရှိကြောင်း သိရသည်။

**Source : DOCA( ပဲခူး)**

## အုတ်တွင်းမြို့နယ်ရှိ သခွားသီးဈေးကွက်



သခွားသီးကို ရေရရှိသောဒေသများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး အဓိကအားဖြင့် ရာသီဥတုနှစ်မျိုးကို အခြေခံပြီး စိုက်ပျိုးကြသည်။

မိုးသခွားကို မိုးဦးကျချိန်မေလမှ ဇွန်လလောက်အထိ စိုက်ပျိုးကြပြီး မိုးရေကိုအားပြုနိုင်သောကြောင့် ရေသွင်းစရာမလိုဘဲ စိုက်ပျိုးနိုင်သည်။

ဆောင်းသခွားကို စက်တင်ဘာလမှအောက်တိုဘာလအထိစိုက်ပျိုးကြပြီး ဆောင်းရာသီ အအေးဒဏ်ကိုခံနိုင်သော သခွားမျိုးများကိုသာ ရွေးချယ်စိုက်ပျိုးကြသည်။

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဝတီးအုပ်စု၊ ညောင်ပင်ကျေးရွာတွင် သခွားပင်များ စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကာ ဒေသခံတောင်သူများက အုတ်တွင်းမြို့ပေါ်နှင့် တောင်ငူမြို့ပေါ်ရှိကုန်စိမ်းပွဲရုံများသို့ သခွားသီးများတင်ပို့ရောင်းချလျက်ရှိသည်။

ပွဲရုံဈေးအဖြစ် သခွားသီး ၁ ပိဿာလျှင် ၃၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိနေပြီး ယခုမတ်လတွင် သခွားသီးများ အရောင်းသွက်လျက်ရှိကြောင်းသိရသည်။

**Source : DOCA**(ပဲခူး)

## ဆန်ဝယ်လိုအား မြင့်တက်နေမှုနှင့် ပြောင်းလဲလာသောပို့ကုန်မူဝါဒများကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်း ၁၁ ရာခိုင်နှုန်း မြင့်တက်



၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလလယ်ပိုင်းအထိ ကမ္ဘာ့ဆန်ဈေးနှုန်းသည် အခြားပိုလျှံလယ်ယာထွက်ကုန်များဖြစ်သော ပြောင်းနှင့် သကြားဈေးနှုန်းများနှင့် ကွဲပြားကာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ကမ္ဘာ့လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်က ဆန်စားသုံးနေသော်လည်း ရောင်းလိုအားနှင့် ဝယ်လိုအားမျှခြေတွင် အပြောင်းအလဲရှိနေခြင်းကြောင့် ဆန်ဈေးနှုန်းမြင့်တက်လာခြင်းဟု သုံးသပ်နိုင်ပြီး ဆန်အဓိကတင်သွင်းသည့်နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံမှုအတွက်စိုးရိမ်ပူပန်မှုများမြင့်တက်စေခဲ့သည်။

၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် အိန္ဒိယက ဆန်တင်ပို့မှု ကန့်သတ်ချက်များကို ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် ဆန်ဈေးနှုန်းများကျဆင်းမည်ဟု ခန့်မှန်းထားကြသော်လည်း အာဖရိကနှင့် အရှေ့အလယ်ပိုင်းရှိ ဆန်တင်သွင်းသည့်နိုင်ငံများက ဆန်ရိက္ခာများပြန်လည်ဖြည့်တင်းခဲ့ခြင်း၊ အာရှနိုင်ငံများ၏ ဥပုသ်ကာလနှင့် နှစ်ကူးပွဲတော်ကာလ ဝယ်လိုအား မြင့်တက်ခဲ့ခြင်း၊ ဂျပန်၌လည်း

အစိုးရ၏ ဆန်အရန်ရိက္ခာများ ထုတ်ပေးရန် ကြန့်ကြာမှုများနှင့် စိုက်ပျိုးရေးသမဝါယမအသင်းများ၏ တင်းကျပ်သော ဈေးနှုန်း သတ်မှတ်ချက်များကြောင့် စားသုံးသူများက စိုးရိမ်ကာ ဆန်သိုလှောင်ကြခြင်းကြောင့် ဝယ်လိုအားတက်ကာ ဆန်ဈေးနှုန်းများ ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ထို့ကြောင့် အိန္ဒိယ၏ ဆန်ထုတ်လုပ်မှု တန်ချိန် ၁၅၂ သန်းမှာ ကမ္ဘာ့ဝယ်လိုအားကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်စွမ်းမရှိခဲ့ကြောင်း သိရသည်။

ဆန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် အာရှရှိ ဆန်ပို့ကုန်လုပ်ငန်းရှင်များနှင့် ဆန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီ များက အကျိုးအမြတ်အများဆုံးရရှိကြပြီး ဆန်ဖြင့်ထုတ်လုပ်သော ကမ္ဘာ့စားသောက်ကုန်လုပ်ငန်းများကမူ ကုန်ကြမ်းစရိတ်မြင့် တက်လာမှုကို ရင်ဆိုင်နေရသည်။

အကယ်၍ ဆန်ဈေးသည် လက်ရှိအတိုင်း ဆက်လက်ရှိနေပါက စားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်နိုင်ကြောင်း ကျွမ်း ကျင်သူများကသတိပေးထားကြသည်။

ဈေးကွက်ကျွမ်းကျင်သူများက ဆန်ဈေးနှုန်းအပြောင်းအလဲကို ဆန်အဓိကတင်သွင်းသည့် နိုင်ငံများ၏ ဝယ်လိုအားအပေါ် မြန်မြန်ဖြည့်ဆည်းပေးနိုင်မည့်အချက်နှင့် ဆန်အဓိကထုတ်လုပ်သည့်နိုင်ငံများ၏ထုတ်လုပ်နိုင်မှုအခြေအနေပေါ်တွင် ဆက်လက် မူတည်ရန် မျှော်လင့်နေပြီး၊ ၂၀၂၆ ခုနှစ်တွင်း ရာသီဥတုဆိုင်ရာ စွန့်စားရမှုများနှင့် ဆန်တင်သွင်းသည့်နိုင်ငံများ၏ ဝယ်ယူမှုလမ်း ကြောင်းမျိုးစုံတို့ကြောင့် တစ်နှစ်ပတ်လုံးတွင် ဆန်ဈေးနှုန်းများဆက်လက်မြင့်တက်နိုင်ကြောင်း၊ ယခုပုံစံက အခြားသီးနှံများနှင့် မတူသော ဆန်၏သီးခြားဈေးကွက်အရွေ့ဖြင့်လည်ပတ်နေမှုကိုပြသနေကြောင်း သိရသည်။

**Source : https://ukragroconsult.com/en/news/global-rice-prices-surge-11-amid-strong-demand-and-shifting-export-policies/**

https://commerce.gov.mm

## ထိုင်းနိုင်ငံအစိုးရက စက်သုံးဆီပိုမိုရရှိနိုင်ရေး ဆွေးနွေးသွားရန်ရှိ

ထိုင်းနိုင်ငံသည် ရုရှားနိုင်ငံတစ်ခုတည်းသာမက ရေနံထုတ်လုပ်သည့် အဓိကနိုင်ငံအားလုံးနှင့် စွမ်းအင်ထောက်ပံ့မှုများ ရရှိစေရန် ဆွေးနွေးနေကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် စွမ်းအင်ပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည်မဟုတ်ကြောင်း အရှေ့အလယ်ပိုင်း အခြေအနေဆိုင်ရာ ပူးတွဲစီမံခန့်ခွဲမှုနှင့် စောင့်ကြည့်ရေးစင်တာနှင့် အစည်းအဝေးတစ်ခုတွင် ဝန်ကြီးချုပ် Anutin Charnvirakul က ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းတွင် ပဋိပက္ခများရှိနေသော်လည်း ထိုင်းနိုင်ငံတွင် ရေနံထောက်ပံ့မှုအလုံအလောက် ရှိကြောင်း၊ ထိုင်းနိုင်ငံ သည် စွမ်းအင်အတွက် ပေးသွင်းသူတစ်ခုတည်းအပေါ် မှီခိုနေခြင်းမဟုတ်ကြောင်း၊ ထို့ပြင် ရုရှားတစ်နိုင်ငံ တည်းမဟုတ်ဘဲ ရေနံ ထုတ်လုပ်သည့် နိုင်ငံတိုင်းနှင့် ဆွေးနွေးနေပါကြောင်း၊ ဓာတ်ဆီဆိုင်များကုန်ခန်းသွားသည်ဟု သတင်းအချို့ရှိသော်လည်း အစိုးရအနေဖြင့် စွမ်းအင်ပြတ်လပ်မှုမရှိနိုင်ဟု ယုံကြည်နေဆဲဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ရေနံလောင်စာရန်ပုံငွေ ကဲ့သို့သော ယန္တရားများမှတစ်ဆင့် ထောက်ပံ့မှုများကို ဆက်လက်စီမံခန့်ခွဲပြီး ဈေးနှုန်းများကို တည်ငြိမ်စေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် သဘာဝဓာတ်ငွေ့မှ အဓိကအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သောကြောင့် လျှပ်စစ်ဓာတ်အားထောက်ပံ့မှုများ ဖူလုံနေဆဲ ဖြစ်ကြောင်း၊ အစည်းအဝေးသို့ PTT Plc မှ အမှုဆောင်အရာရှိများနှင့် နိုင်ငံတစ်ဝှမ်းရှိ လောင်စာဆီဖြန့်ဖြူးရေးအတွက် တာဝန် ရှိသော အဓိကရေနံကုန်သည်များနှင့် လုပ်ငန်းရှင်များအပါအဝင် စွမ်းအင်ကဏ္ဍမှအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြ ကြောင်းဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားခဲ့သည်။

Thai Oil၊ Bangchak Corporation၊ Shell နှင့် Star Petroleum Refining အပါအဝင် ရေနံကုမ္ပဏီများသည် ပြတ်လပ် မှုလက္ခဏာများမရှိကြောင်းနှင့်ထောက်ပံ့မှုများလုံလောက်စွာရှိနေကြောင်းကို အတည်ပြုခဲ့ကြောင်း၊ ယုံကြည်မှုရှိနေသော်လည်း အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် စွမ်းအင်ကိုချွေတာသုံးစွဲရန် ပြည်သူလူထုကို တိုက်တွန်းလိုကြောင်း၊ ပိုမိုထိန်းသိမ်းရေးသည်

နိုင်ငံ၏သယံဇာတများကို တိုးချဲ့ရန် အထောက် အကူဖြစ်စေမည်ကြောင်း ဝန်ကြီးချုပ် Anutin က တိုက်တွန်းခဲ့သည်။

နိုင်ငံတွင် အနည်းဆုံးရက်ပေါင်း ၉၆ ရက်အတွက် လုံလောက်သော အရန်လောင်စာရှိကြောင်း ဒုတိယဝန်ကြီးချုပ် ဘဏ္ဍာရေးဝန်ကြီး Ekniti Nitithanprapas က ပြောကြားခဲ့ကြောင်း၊ နိုင်ငံတစ်ဝှမ်းရှိ ရေနံဂိုဒေါင်များကို မကြာသေးမီက စစ်ဆေးမှုများအရ စီးပွားဖြစ်ရေနံလီတာ ၁ ဒသမ၄ ဘီလီယံခန့်နှင့်ဥပဒေအရ လိုအပ်သော နောက်ထပ်လီတာ ၃ ဒသမ၄ ဘီလီယံရှိကြောင်း၊ ၎င်းတို့အားလုံးပေါင်းလျှင် ရက်ပေါင်း ၃၉ ရက်ခန့်ထောက်ပံ့မှုရှိကြောင်း၊ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော နောက်ထပ်တင်ပို့မှုများသည် ၂၇ ရက်အတွက်လုံလောက်ပြီး အတည်ပြုပြီးသော လာမည့်ထောက်ပံ့မှုများသည် နောက်ထပ် ၃၀ ရက်ခန့်အတွက်ဖြစ်သဖြင့် စုစုပေါင်း ၉၆ ရက်ခန့်ရှိပြီဖြစ်ကြောင်း စွမ်းအင်လုပ်ငန်းဌာန၏ ညွှန်ကြားရေးမှူးချုပ် Sarawut Kaewtathip က ရှင်းလင်းပြောကြားခဲ့သည်။

**Source: www.bangkokpost.com။**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (19.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 41,377 (Shares) | 172,997,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,500 | +1,500 | +10.71% | 15,000 | 15,500 | 15,000 | 1,939 | 29,093,000 | 33,109,694 | 513,200 |
| MTSH | 00002 | 6,500 | +100 | +1.56% | 6,400 | 6,500 | 6,400 | 3,731 | 24,008,100 | 38,929,150 | 253,040 |
| MCB | 00003 | 10,000 | +1,000 | +11.11% | 10,000 | 10,000 | 10,000 | 87 | 870,000 | 10,400,986 | 104,010 |
| FPB | 00004 | 4,300 | +100 | +2.38% | 4,300 | 4,300 | 4,300 | 19,193 | 82,529,900 | 29,664,613 | 127,558 |
| TMH | 00005 | 3,400 | +100 | +3.03% | 3,400 | 3,400 | 3,400 | 48 | 163,200 | 12,823,224 | 43,599 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 1,780 | 3,293,000 | 19,977,223 | 36,958 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 4,000 | 3,950 | 774 | 3,057,350 | 10,497,598 | 41,466 |
| MAEX | 00008 | 4,000 | +150 | +3.90% | 3,850 | 4,000 | 3,850 | 1,825 | 7,182,950 | 23,804,946 | 95,220 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 19th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 644.18 | +38.58 | +6.37% | 625.26 | 644.18 | 625.26 | 29,377 | 150,197,500 | 8 | 1,215,051 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 42,232 (Shares) | 206,199,400 (MMK) |

## Main Board

As of 1:00 pm, 19th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 41,377 (Shares) | 172,997,500 (MMK) |

| MYANPIX | 644.18 ▲ 38.58 |
|---|---|
| Total Volume (shares) | 29,377 |
| Total Value (MMK) | 150 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,215,051 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,500 | ▲ 1,500 |
| MTSH | 00002 | 6,500 | ▲ 100 |
| MCB | 00003 | 10,000 | ▲ 1,000 |
| FPB | 00004 | 4,300 | ▲ 100 |
| TMH | 00005 | 3,400 | ▲ 100 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,000 | ▲ 150 |

TIR